ရခိုင်ပြည်အမျိုးသားကောင်စီ
Arakan National Council
Head Office, Email: anc.hq1@gmail.com

## (၆၉) နှစ်မြောက် ကရင်အာဇာနည်နေ့အခမ်းအနားများသို့ ပေးပို့သော ရခိုင်ပြည်အမျိုးသားကောင်စီ(ANC)၏သဝဏ်လွှာ

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၂)ရက်နေ့တွင် ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး ကျဆုံးခဲ့ရသည်မှာ (၆၉)နှစ်တိုင်ခဲ့ပါပြီ။ ကရင်အမျိုးသားတို့အနေဖြင့် ခေါင်းဆောင်ကြီး စောဘဦးကြီး ကျဆုံးခဲ့ရသည့်နေ့ကို အစွဲပြု၍ ကရင်တမျိုးသားလုံးဆိုင်ရာ အာဇာနည်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုလျှက် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ဂုဏ်ပြုပွဲနှင့် အောက်မေ့ဖွယ်အခမ်းအနားများ ကျင်းပဆင်နွှဲလာခဲ့ကြသည်။

ဩဂုတ်လ(၁၂)ရက်နေ့ရောက်တိုင်း ပြည်တွင်းပြည်ပရှိ ကရင်အမျိုးသားတို့အနေဖြင့် ခေါင်းဆောင်ကြီး စောဘဦးကြီးနှင့်တကွ ကျဆုံးသွားခဲ့ကြသော ကရင်အာဇာနည်ရဲဘော်အပေါင်းတို့ကို နေရာအနှံ့အပြားတွင် ဂုဏ်ပြုပွဲများနှင့်အတူ အမျိုးသားလွတ်မြောက်ရေးမိုင်တိုင်အမှတ်များ စိုက်ထူနေကြဆဲ ဖြစ်သည်။

စောဘဦးကြီးမိန့်မှာခဲ့သည့် ကရင်အမျိုးသားတို့အတွက် လမ်းညွှန်မှု(၄)ရပ်ဖြစ်သော လက်နက်ချအညံ့ခံခြင်း အလျဉ်းမပြောရ၊ ကရင့်လက်နက် ကရင်လက်ထဲတွင်ရှိရမည်၊ ကရင်ပြည် အသိအမှတ်ပြုခြင်းနှင့် ပြီးပြည့်စုံရမည်၊ ကရင့်ကံကြမ္မာ ကရင်ဖန်တီးပိုင်ခွင့်ရှိရမည် စသည်တို့မှာ ကရင်တမျိုးသား၏ အခြေခံဘုံရပ်တည်ချက်များအဖြစ် ယနေ့တိုင် ကိုင်စွဲနေကြဆဲလည်း ဖြစ်သည်။

စောဘဦးကြီးချမှတ်ခဲ့သော အခြေခံမူအတိုင်း လျှောက်လှမ်းလာခဲ့သော ကရင်အမျိုးသားတို့၏ နိုင်ငံရေးဦးသျှောင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှာလည်း နှစ်ပေါင်း(၇၀)ကျော် ကြံ့ကြံ့ခံရပ်တည်လျှက် ကရင်တမျိုးသားလုံးသာမက အဖိနှိပ်ခံဘဝတူ တိုင်းရင်းသားများအားလုံး လွတ်မြောက်ရေးတို့အတွက်ပါ မျိုးဆက်အလိုက် မမိုန်မသုန် ကြိုးစားရုန်းကန် နေကြဆဲဖြစ်သည်။

ကရင်အမျိုးသားများလွတ်မြောက်ရေးအတွက် ပေးဆပ်စွန့်လွှတ် အနစ်နာခံ တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့ရသော (၂၀)ရာစု၏ကရင်အမျိုးသားခေါင်းဆောင်ကြီး စောဘဦးကြီးကို ယနေ့(၂၁)ရာစု အခါသမယ၌ ကရင်မျိုးဆက်သစ်များက ကရင်အမျိုးသားတို့၏ အာဇာနည်ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုလျှက် ဂုဏ်ပြုပွဲအခမ်းအနားများကိုပင် လွတ်လပ်စွာကျင်းပခွင့် မရရှိကြသေးပေ။ လက်ရှိတွင် ဗမာလူထုခေါင်းဆောင် နိဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသည့် ဒီမိုကရေစီတပိုင်းအစိုးရက စောဘဦးကြီးကို "ကရင်အာဇာနည်" ဟူ၍ မသုံးနှုန်းရဟု ပိတ်ပင်တားမြစ်လာခြင်း၊ ကရင်နယ်မြေဒေသတွင် စောဘဦးကြီး ရုပ်ထုစိုက်ထူခြင်းကို ကန့်သတ်ပိတ်ပင်၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုကို နိုင်ငံတဝှမ်း စိုက်ထူနေခြင်းတို့ ပြုလုပ်ကာ

တိုင်းရင်းသားတန်းတူရေးကို မျက်ကွယ်ပြုလျှက် မဟာဗမာလူမျိုးကြီးဝါဒကို ယနေ့အုပ်စိုးသူလူတန်းစားများက ကျင့်သုံးနေကြကြောင်း သက်သေထူနေပေသည်။

"ကရင်တစ်ကျပ်-ဗမာတစ်ကျပ်" ဆိုသည့် တိုင်းရင်းသားတန်းတူရေးကတိကဝတ်ပေးခဲ့သော (၂၀)ရာစု၏ ဗမာလူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသမီး ဒေါ်အောင်ဆန်းစုကြည်အစိုးရလက်ထက်ထိတိုင် (၂၀)ရာစုကတည်းက အမြစ်တွယ်နေသည့် မဟာဗမာလူမျိုးကြီးဝါဒ ကြီးစိုးရေးပြဿနာမှာ နက်နက်ရှိုင်းရှိုင်းဖြင့် အခိုင်အမာ ရှိနေဆဲဖြစ်ကြောင်း တွေ့မြင်နေရသည်။

သို့ဖြစ်၍ (၆၉)နှစ်မြောက် ကရင်အာဇာနည်နေ့အခါသမယတွင် စောဘဦးကြီးမိန့်မှာချက်များကို တော်လှန်ရေးဝိဉာဏ်တော်များနှင့်အတူ နှလုံးသွင်းလျှက် ဘုံရန်သူ မဟာဗမာစစ်အာဏာရှင်စနစ်ကို အမြစ်ဖြုတ်ချေမှုန်းတိုက်ဖျက်ကာ အောင်ပွဲဆင်နိုင်သည်အထိ ချီတက်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)